Panasonic®

# အသုံးပြုပုံလမ်းညွှန်

# ရိုးရိုးကြိုးမဲ့မီးပူ

မော်ဒယ်နံပါတ်. **NI-100DX**



လျှပ်စစ်မီးပူအသုံးမပြုမီလမ်းညွှန်ချက်အားလုံးအားသေချာစွာဖတ်ပါ။

# သတိပေးချက်

မီးပူအသုံးပြုသောအခါအောက်တွင်ဖော်ပြထားသောလုံခြုံရေးအချက်ပြထားသောလုံခြုံရေးအခြေခံကြိုတင်သတိပေးချက်များကိုအမြဲလိုက်နာဆောင်ရွက်သင့်သည်။

၁။ လမ်းညွှန်ချက်အားလုံးကိုဖတ်ပါ။

၂။ သတ်မှတ်ထားသည့်အတိုင်းသာသုံးပါ။မီးပူတိုက်စင်နှင့်သာအသုံးပြုရန်ဖြစ်ပါသည်။

၃။ ဓာတ်လိုက်ခြင်းမှကာကွယ်ရန်မီးပူ(သို့)မီးကြိုးများအတွင်းရေနှင့်အခြားအရည်များအတွင်းသို့မဝင်ပါစေနှင့်။

၄။ မီးပူ၏လျှပ်စစ်အောက်ခံမီးပလပ်ဖြုတ်ခြင်း(သို့)တပ်ခြင်းများမပြုလုပ်မီမီးပူအားပိတ်ပါ။မီးပူအားမီးပလပ်မှကိုင်၍မဖြုတ်ဘဲမီးကြိုးမှကိုင်၍ဆောင့်ဆွဲပြီးမဖြုတ်ပါနှင့်။

၅။ မီးကြိုးအားပူပြင်းသောမျက်နှာပြင်နှင့်မထိမိပါစေနှင့်။မီးပူမသိမ်းဆည်းမီ အအေးခံပါ။

၆။ မီးကြိုးများရှုပ်ထွေးနေလျှင်အသုံးမပြုပါနှင့်၊မီးကြိုးမကြာခင်ပျက်စီးနိုင်ပါသည်။

၇။ မီးကြိုးပျက်စီးနေလျှင်အန္တရာယ်မဖြစ်စေရန်ဝယ်ယူသောနေရာသို့ပြန်ပို့ခြင်းတတ်ကျွမ်းသောသူများနှင့်ပြသခြင်းသို့သက်ဆိုင်ရာဝန်ဆောင်မှုဌာနများသို့ပို့ထားသင့်ပါသည်။

၈။ ကလေးများအနားတွင်မီးပူတိုက်ခြင်း(သို့)မီးပူအသုံးပြုလျှင်အနီးကပ်ကြည့်သင့်ပါသည်။မီးပူတိုက်သောခုံသို့အခန်းတွင်းတွင်သတိမထားမိဘဲမီးပူပလပ်ကြိုးထိုး၍မထားပါနှင့်။မီးပူမတော်တဆတိုက်မိခြင်း(သို့)မီးကြိုးအားဆွဲမိလျှင်မီးပူတိုက်စင်မှပြုတ်မကျနိုင်သည့်အနေအထားဖြစ်စေရန်သတိပြုပါ။

၉။ လျှပ်စစ်အောက်ခံ၏ပူသောမျက်နှာပြင်နှင့်ပူနေသောသတ္တုအပိုင်းအားထိမိပါက ပုံ (က) တွင်ပြထားသည့်အတိုင်းအပူလောင်မှုများဖြစ်ပွားနိုင်သည်။

၁၀။ မီးပူအားညီညာ၍ပြန့်ပြူးသောနေရာတွင်အသုံးပြုပြီးသိမ်းဆည်းပါ။

၁၁။ မီးပူအားအောက်ခံပေါ်တွင်ထားပါကမီးပူအောက်ခံကိုညီညာ၍တည်ငြိမ်သောနေရာတွင်ထားပါ။

၁၂။ မီးပူအားလွတ်ကျ၍ပျက်စီးခြင်း(သို့)ရေစိမ့်သည့်လက္ခဏာရှိပါကအသုံးမပြုပါနှင့်။

၁၃။ ဤစက်သည်ရုပ်ပိုင်းဆိုင်ရာ၊အာရုံခံနိုင်စွမ်း(သို့) စိတ်ပိုင်းဆိုင်ရာလုပ်ဆောင်နိုင်စွမ်းလျော့နည်းသောပုဂ္ဂိုလ်များ(ကလေးငယ်များအပါအဝင်) (သို့) လူကြီးမိဘတို့၏ကြီးကြပ်မှုမရှိ၍ အတွေ့အကြုံဗဟုသုတနည်းပါးသောသူများအတွက်အသုံးပြုရန်ရည်ရွယ်ထားခြင်းမဟုတ်ပါ။ ဤပစ္စည်းကိုအသုံးပြုရာတွင်ဘေးကင်းလုံခြုံစေရန်အတွက်ကျွမ်းကျင်သူတစ်ဦးဦးထံမှ လမ်းညွှန်ချက်များ၊ သတိပေးချက်များကိုသိရှိထားခြင်းမရှိဘဲအသုံးမပြုသင့်ပါ။ ကလေးများကိုဤစက်နှင့်မကစားမိစေရန်မိဘအုပ်ထိန်းသူများကစောင့်ကြည့်သင့်သည်။


၁၄။ မီးပူအားကလေးငယ်များမဆော့စေရန်သေချာကြီးကြပ်ထားသင့်သည်။


# အထူးလမ်းညွှန်ချက်များ


၁။ ဆားကစ်ဝန်ပိုသုံးခြင်းမှကာကွယ်ရန်တခြားဗို့အားပြင်းပစ္စည်းများနှင့်တစ်ချိန်တည်းမသုံးပါနှင့်။

၂။ အကယ်၍မီးကြိုးဆက်၍သုံးရန်လိုအပ်ပါကဘွ၁အမ်ပီယာရှိသောမီးကြိုးကိုသာသုံးသင့်ပါသည်။အမ်ပီယာနည်းပါကအပူလွန်ကဲခြင်းဖြစ်စေနိုင်သည်။မီးကြိုးသို့မတိုက်စေရန် သေချာစီစဉ်ထားသင့်ပါသည်။

၃။ မီးပူအဖုံးအားအသုံးပြုနေစဉ်(သို့)မီးပူအားလျှပ်စစ်အောက်ခံအပေါ်တင်၍မီးပလပ်ထိထားပါကမကိုင်ပါနှင့်။ ပုံ ( ခ ) တွင်ပြထားသည့်အတိုင်း






## ပါဝင်သည့်ပစ္စည်းများ

(၁) အပေါ်ယံအဖုံး

(၂) အောက်ခံပလိပ်ပြား

(၃) မီးကြိုး

(၄) မီးပလပ်ခေါင်း

(၅) အချက်ပြမီး


(၆) လက်ကိုင်


(၇) အပူချိန်ထိန်းညှိနိုင်ခွက်

(၈) လျှပ်စစ်အောက်ခံ

ခန့်မှန်းခြေအလေးချိန် ၁.၄ကီလိုဂရမ်


# အသုံးပြုပုံ




## မီးပူအသုံးမပြုမီ

- မီးပူအားလျှပ်စစ်အောက်ခံပေါ်တွင်သေချာစွာတပ်ပါ။
- သင့်တော်သောလျှပ်စစ်မီးခုံတွင်ပလပ်ထိုးပါ။
- မီးခလုတ်အားဖွင့်ပါ။
- မီးပူတိုက်လိုသောအဝတ်အမျိုးအစားရွေး၍အပူချိန်ထိန်းညှိဒိုင်ခွက်တွင် ချိန်ပါ။
- မီးပူ ပူလာစေရန်အနည်းဆုံးနှစ်မိနစ်ခန့်စောင့်ပါ။
- အပူချိန်ထိန်းညှိခြင်းပြမီးပိတ်သွားလျှင်မီးပူအားစတင်အသုံးပြုနိုင်ပါသည်။




# မီးပူအသုံးပြုစဉ်

- ရွေးချယ်ထားသောအပူချိန်ပမာဏအားထိန်းသိမ်းထားရန်အဝတ်ခေါက်နေစဉ်(သို့)အသုံးမပြုသေးမီ မီးပူအားလျှပ်စစ်အောက်ခံပေါ်တွင်တင်၍အားပြန်ဖြည့်ထားပါ။
- လျှပ်စစ်အောက်ခံပါးပေါ်သို့မတင်ထားပါကမီးပူ၏အပူချိန်ကျဆင်းပါလိမ့်မည်။
- မီးပူသည်လျှပ်စစ်အောက်ခံပေါ်တွင်တင်ထားပါကအပူချိန်ထိန်းညှိအချက်ပြမီးလင်းနေသည့်အခါတွင်လည်းအသုံးပြုနိုင်ပါသည်။
- အပူချိန်နည်းနေသည်ဟုခံစားရပါကအချက်ပြမီးပွင့်နေရာမှပိတ်သည်အထိစောင့်၍အသုံးပြုနိုင်ပါသည်။
- မီးပူအသုံးပြုပြီးပါကအပူချိန်ထိန်းညှိဒိုင်ခွက်အားအနည်းဆုံးအမှတ်သို့ရွှေ့၍မီးပလပ်ခုံမှမီးပူပလပ်ဖြုတ်ပါ။

| အသေးစိတ်အချက်အလက် | |
|---|---|
| မီးအားအဝင်နှုန်း | ၁၀၀၀ ဝပ် |
| ဗို့အားနှုန်း | ၂၂၀ဗို့ |
| ထုတ်လုပ်သည့်နိုင်ငံ | မလေးရှား |

| ရွေးချယ်ရန်အမျိုးအစား | ရွေးချယ်နိုင်သည့်အပူချိန် | |
|---|---|---|
| အက်ဆီကိတ် | ခန့်မှန်းခြေ | ၈၅ |
| ပိုးသား | ခန့်မှန်းခြေ | ၁၁၂ |
| ရေယွန် | ခန့်မှန်းခြေ | ၁၄၀ |
| သိုးမွေးသား | ခန့်မှန်းခြေ | ၁၆၅ |
| ချည်သား | ခန့်မှန်းခြေ | ၁၈၅ |
| လီနင်သား | ခန့်မှန်းခြေ | ၂၁၀ |

Panasonic Manufacturing Malaysia Berhad.

No. 3, Jalan Sesiku 15/2, Section 15, Shah Alam Industrial Site,
40200 Shah Alam, Selangor Darul Ehsan, Malaysia.